# မြက်မုန်ညင်းအဝါ

Scientific name - *Cyperus iria* L.

Common name - Rice flatsedge, Umbrella sedge

Family - Cyperaceae

  


အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံမြက်မုန်ညင်းမျိုးဖြစ်ပြီး ထောင်မတ်လျက်ပေါက်သည်။ အပင်အမြင့်မှာ ၈ မှ ၆၀ စင်တီမီတာအထိရှိသည်။ ပွင့်ကိုင်းရိုးတံမှာ အစိမ်းရောင်သုံးထောင့်ပုံဖြစ်ပြီး သေးသွယ်ချောမွေ့သည်။ အရွက်သည် သေးသွယ်ရှည်လျားပြီး အပင်ထက်တိုသည်။ ရွက်ဖုံးသည် နီ၍ အပင်ရင်းကို ဖုံးအုပ်ထားသည်။ ပန်းခိုင်သည် ရင်းတူထိပ်ညီဖြစ်ပြီး မူလပွင့်ကိုင်းနှင့် ထပ်ဆင့်ပွင့်ကိုင်းပါရှိသည်။ ရွက်တူပွင့်ခံရွက် ၃ - ၅ ခုပါရှိသည်။ အနိမ့်ဆုံးပွင့်ခံရွက်သည် ပန်းခိုင်ထက် ရှည်လျားသည်။ ထပ်ဆင့်ပန်းခိုင်များစွာပါရှိပြီး ရွှေရောင် သို့မဟုတ် စိမ်းဝါရောင်ရှိသည်။ တစ်ပင်မှ အစေ့အရေအတွက် ၅၀၀၀ ခန့်ပါရှိသည်။ တစ်စေ့သီးဖြစ်၍ မျက်နှာပြင်ချောမွေ့လုံးဝန်းပြီး ထောင့်သုံးထောင့်ပါရှိသည်။ အညိုရင့်ရောင် သို့မဟုတ် အများအားဖြင့် အနက်ရောင် တွေ့ရသည်။ အစေ့အားဖြင့် မျိုးပွားသည်။